# မြန်မာ့ဒီမိုကရေစီအရေး ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee

စက်တင်ဘာ ၂၀ ရက် ၂၀၀၄


## ၂၀ ရက်မြောက်နေ့

□ မြန်မာ့ဒီမိုကရေစီရေးအတွက် အစာငတ်ခံဆန္ဒပြတိုက်ပွဲ စတင်ဖို့ အချိန်ပိုင်းသာ လိုပါတော့တယ်။ အစာငတ်ခံဆန္ဒပြတိုက်ပွဲမှာပါဝင်မယ့် ရဲမေတစ်ဦးဖြစ်တဲ့ ဒေါ်ခင်စန်းနွယ်က "မနက်ဖြန်တိုက်ပွဲအတွက် အားသစ်အင်သစ်တွေ နဲ့ ပိုပြီးတက်ကြွနေတယ်" လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောပါတယ်။

□ သူမကဆက်လက်ပြီး "အပြင်ပန်းအားဖြင့်တော့ ဒီတိုက်ပွဲမှာ အမျိုးသမီးတစ်ယောက်တည်းပါတယ်လို့ ထင်ရပေမယ့် ၊ တကယ်တမ်းတော့ ကျွန်မနဲ့ အတူ မြန်မာပြည်တွင်းက အမျိုးသမီးထု တစ်ရပ်လုံးရဲ့ စိတ်ဆန္ဒ တွေ အတူပါရှိနေတယ် ဆိုတာကို ကျွန်မအကြွင်းမဲ့ ယုံကြည်တယ်၊ ဒါကြောင့်ကြုံတွေ့ လာရမယ့်အခက်အခဲတွေကို သူတို့ တွေ့ဆီက အားပေးသံတွေ ကြားယောင်ရင်းနဲ့ ကျွန်မဖြတ်သန်းသွားမယ်" တဲ့။

□ ဒေါ်ခင်စန်းနွယ် (အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်လွတ်မြောက်နယ်မြေ) နဲ့ အတူ အစာငတ်ခံဆန္ဒပြတိုက်ပွဲဆင်နွဲကြမယ့် ရဲဘော်များဖြစ်ကြတဲ့ ကိုမောင်မောင်တိတ် (မြန်မာပြည် ဒီမိုကရက်တစ် ဂီတအဖွဲ့ ချုပ်)၊ကိုဝေထွန်း (နိုင်ငံရေး အကျဉ်း သား များကူညီ စောင့်ရှောက်ရေး အသင်း )၊ ကိုတင်ထွေ (အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်)၊ ကိုခင်ဇော်(အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် မန္တလေးတိုင်း အနောက်တောင်မြို့ နယ်)၊ International campaign for Democracy in Burma (ICDB)က ဦးဟန်လင်းနဲ့ ကိုဝင်းရွှေ တို့ အားလုံးကလည်း မနက်ဖြန်အတွက် စိတ်ဓာတ် တက်ကြွနေကြပါတယ်။

□ ဦးဟန်လင်းက "စစ်အာဏာရှင်တွေထင်တိုင်း နှိပ်စက်ချယ်လှယ်ခံနေရတဲ့ ဖိနှိပ်ခံပြည်သူတစ်ရပ်လုံးအတွက် မှန်ကန်မွန်မြတ်တဲ့ တိုက်ပွဲ တစ်ပွဲ ဆင်နွဲ ရတော့မယ်ဆိုပြီး ဖော်မပြတတ်တဲ့ ပီတိတွေခံစားနေရတယ်ဗျာ" လို့ ဆိုပါတယ်။

□ မူလက အာဆီယံသံရုံးတွေ ကို သွားပြီးဆန္ဒပြဖို့ စီစဉ်ထားကြပေမယ့် အများစု ရဲ့ ဝိုင်းဝန်းအကြံပေးချက် အရ အစာငတ်ခံဆန္ဒပြပွဲအတွက် အားမွေးဖို့ နဲ့ လိုအပ်တဲ့ ပြင်ဆင်မှုတွေလုပ်ဖို့ ရှိတာကြောင့် ဒီကနေ့ ချီတက်မယ့်အစီအစဉ် ကို ဖျက်လိုက် ရပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ဆီကို ပေးဖို့ စာကို အချောပြန်ရေး၊ ဖိတ်ကြားသင့်တဲ့ နိုင်ငံတကာအဖွဲ့ အစည်းက ပုဂ္ဂိုလ်တွေကိုဖိတ်ကြားဖို့ နဲ့ မနက်ဖြန်အတွက် အခမ်းအနားအစီအစဉ်အသေးစိပ်တွေကို ဆွေးနွေးကြပါတယ်။

□ ပြီးတော့ ကြာချိန်အတိအကျ မပြောနိုင်တဲ့တိုက်ပွဲအတွက် ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေကို တခြားသူတွေကို မထိခိုက်စေဖို့ ရဲဘော်တွေ ကိုယ်စီ ကတိဝန်ခံချုပ်တွေ ရေးသားကြတယ်။

□ "မြန်မာ့ ဒီမိုကရေစီရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ထိရောက်စွာဖြေရှင်းပေးရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်မည်ဖြစ်သော အစာငတ်ခံဆန္ဒပြပွဲဝင်ခြင်း" ကို မိမိတို့ ၏ သဘောဆန္ဒဖြင့်သာ ပြုလုပ်ခြင်း ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက် ၏တိုက်တွန်းခြင်း၊ ဖျားယောင်း သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ပြုလုပ်ခြင်းမဟုတ်ပါ။ ထို့ ကြောင့် ဤတိုက်ပွဲမှ ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုး ပြဿနာများသည် မိမိတို့ နှင့်သာ သက်ဆိုင်ပါသည် ....လို့ ရေးသားထားတဲ့ ကတိစာချုပ်တွေကို နယူးယောက်မြို့ နိုထိုရီပွလစ် ရှေ့ နေ Isabel Reyes ဆီသွားပြီး အသိသက်သေများရှေ့ မှာ လက်မှတ် ရေးထိုး ခဲ့ ကြပါတယ်။

□ "ဒီစနစ်ဆိုးနဲ့ မင်းဆိုးတွေ ရှိနေသေးသရွေ့ ပြည်သူတွေ ဘယ်တော့မှ လွတ်မြောက်နိုင်ကြမှာ မဟုတ်ဘူး၊ လိုအပ်ရင် အသက်ကို တောင်စွန့် လွှတ်ပြီးတိုက်ပွဲဝင် သွားမယ်" ဆို တဲ့ တူညီခံယူချက် ကိုယ်စီနဲ့ ရဲဘော်များ မနက်ဖြန်တိုက်ပွဲ အတွက် အဆင်သင့် ဖြစ်နေပါပြီ။

□ **ဒီမိုကရေစီချစ်သူများနှင့် မြန်မာမိတ်ဆွေများ–**

□ စက်တင်ဘာလ ၂၁–ရက်နေ့ ၊ နံနက် ၁၀ နာရီကနေ ၁၂ နာရီအတွင်း နယူးယောက်မြို့ ကုလသမဂ္ဂ အဆောက်အဦးရှေ့ ၊ 47th Street & 1st Ave က Dag Hammerskjold Park, မှာ "မြန်မာ့ဒီမိုကရေစီရေး ခရီးရှည်ချီတက်ပွဲ အောင်မြင်စွာ ပြီးဆုံးခြင်းအခမ်းအနားနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ ဖွင့်လှစ်ခြင်း အခမ်း အနား" ကို ကျင်းပမှာ ဖြစ်ပါတယ်။

□ အခမ်းအနားကို အမျိုးသား ညွန့် ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနဲ့ NLD(liberated area) ရဲ့ ဥက္ကဋ္ဌ ဦးဝင်း ခက်တို့ နဲ့ အတူ ချီတက်စဉ်လမ်းတလျှောက်မှာ ရင်းနှီးခဲ့ကြတဲ့ နိုင်ငံတကာအဖွဲ့ အစည်းများက ပုဂ္ဂိုလ်များ နဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ကြမှာပါ။ အခမ်းအနားအစီအစဉ်ပြီးတာနဲ့ ပန်းခြံ ထဲမှာ အစာငတ်ခံဆန္ဒပြမယ့် ရဲဘော်များက ကျန်နေရစ်ခဲ့ပြီး "မြန်မာနိုင်ငံအရေးအတွက် ကုလသမဂ္ဂကထိရောက်စွာအရေးယူမှုမပြုမချင်း အကန့် အသတ်မရှိ အစာငတ်ခံ ဆန္ဒပြခြင်း" ကို စတင်ကြမှာပါ။

□ ရဲဘော်တွေ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေတုန်း၊ နယူးယောက်အဖွဲ့ တွေကလည်း စစ်အစိုးရရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို နိုင်ငံပေါင်းစုံကလာရောက်ကြမယ့် ဝန်ကြီးတွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်တွေမြင်တွေ့ နိုင်အောင် ဓာတ်ပုံပြပွဲတစ်ခုကိုလည်း ခင်းကျင်းပြသ ထားမှာ ဖြစ်ပါ တယ်။

□ ဖွင့်ပွဲကို မတက်ရောက်နိုင်သူများအနေနဲ့ နယူးယောက်က ဖွဲ့ စည်းထားတဲ့ ကော်မတီတွေကို ဆက်သွယ်ပြီး ရဲဘော်များကို အချိန်ပိုင်းလာရောက် စောင့်ရှောက် ပေးခြင်း၊ တွေ့ ဆုံအားပေးခြင်း၊ နိုင်ငံတကာရောက် အင်အားစုများအနေဖြင့် လည်း စက်တင်ဘာ(၂၁)ရက်နေ့မှာ အချိန်ကိုက်လှုပ်ရှားမှုအဖြစ် မိမိတို့ရောက်ရှိရာ နိုင်ငံအသီးသီးရှိ ကုလသမဂ္ဂ ရုံးများသို့ ချီတက်ဆန္ဒပြခြင်း၊ ရုံးရှေ့တွင် စုရုံးဆန္ဒပြခြင်းများ ဖြင့် ပူးပေါင်းပါဝင်ကြဖို့ နှိုးဆော်အပ်ပါတယ်။

□ □ □ **ဆက်သွယ်ရန်**

(၁) **ဘဏ္ဍာရေးဆိုင်ရာကော်မတီ** --- မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)၊ ကိုရွှေ (၉၁၇–၉၅၁–၂၄၂၈) ၊ ကိုအောင်အောင် (၇၁၈–၃၃၅–၀၉၁၁)

(၂) **ကူညီစောင့်ရှောက်ရေးကော်မတီ** --- ကိုရဲထွဋ် (၇၁၈–၆၇၂–၈၇၈၉) ၊ ကိုနိုင်ကျော်မိုး (၇၁၈–၈၁၃–၂၄၂၁)၊ ကိုဂျိမ်း (၇၁၈–၃၈၆–၃၃၉၅) ၊ ကိုနိုင်ကြီး (၆၃၁–၉၇၄–၅၆၃၂) ၊ ကိုသောင်းထွန်း (၂၁၂–၃၃၈–၀၀၄၈) ၊ မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ ကိုမိုက်ကယ် (၇၁၈–၈၁၃–၂၄၂၁) ၊ ကိုဇာနည်မင်းထက် (၇၁၈–၈၁၃–၂၄၂၁) ၊ နန်းဇွန်ဦး (၂၁၂–၃၃၈–၀၀၄၈) ၊ ကိုဇော်ကြီး ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)

(၃) **သတင်းနှင့်ပြန်ကြားရေးကော်မတီ** --- ကိုမင်းဆန်းမင်း (၇၁၈–၄၃၄–၅၂၉၂) ၊ ကိုဥာဏ်ဝင်းလတ် (၆၄၆–၃၂၁–၅၃၁၁) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁)၊ ကိုအောင်ကျော်မြင့် (၆၀၇–၃၃၉–၇၀၅၄)၊ ကိုရန်မျိုးအောင် (၅၈၅–၅၇၆–၈၅၂၁)

(၄) **သယ်ယူပို့ဆောင်ရေးနှင့်နေရာချထားရေးကော်မတီ** --- ကိုဝင်းရှိန် (၇၁၈–၃၃၅–၅၉၂၃) ကိုဆန်းမြင့် (၉၁၇–၅၂၃–၅၂၂၇) ၊ ကိုမိုးချမ်း (၆၄၆–၆၄၃–၈၆၈၉) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄)၊ နန်းဇွန်ဦး (၂၁၂–၃၃၈–၀၀၄၈)

(၅) **ကျန်းမာရေးဆိုင်ရာကိစ္စများ** ကို ဒေါက်တာသောင်းထွန်းမှ တာဝန်ခံ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။